# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 3 , 2022 | Volume 59, Number 1


၃.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၀၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းရွှေဈေး၊ ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းနေ ဈေးကွက်အတွင်းသို့ မြေပဲဆန်အသစ်များ လှိုင်လှိုင်ဝင်ရောက်

ပြည်တွင်းရွှေဈေး၊ ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းလာကြောင်း၊ ဈေးကွက်အတွင်းသို့ မြေပဲဆန်များ လှိုင်လှိုင်ဝင်ရောက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

စက်တင်ဘာလကုန်ပိုင်းရက်များတွင် ပြည်တွင်းရွှေဈေး သိသိသာသာကျဆင်းနေသလို ဒေါ်လာငွေလဲလှယ်နှုန်းမှာလည်း ကျဆင်းနေရာ စံချိန်တင်အမြင့်ဈေးများရောက်ရှိထားသည့် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး လိုက်ပါဈေးကျဆင်းနေကြောင်း၊ နောက် ပြည်တွင်းက ပဲလက်ကျန်များလည်းနည်းနေပြီး အသစ်ဝင်ရောက်နေသည့် မြေပဲဆန်ဈေးကွက်လည်း အနည်းငယ် ဆက်လက်ကျဆင်းနေသေးကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပဲနှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ်အေးနေပါတယ်။ ပြည်တွင်းသုံးကုလားပဲအုပ်စုဝင်ပဲတွေက သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၂၀၀၀၀ ကျော်ဈေးကျဆင်းသွားတယ်။ ပို့ကုန်ပဲတွေလည်း ဈေးတွေကျဆင်းလာပါတယ်။ အသစ်ဝင်မြေပဲဆီဆန် တစ်ပိဿာ ငွေကျပ် ၅၂၀၀ ခန့်နှင့် အနီလုံးဆန်က တစ်ပိဿာ ငွေကျပ် ၅၄၀၀ ခန့်သာ ပေါက်ဈေးရှိတော့တယ်။ နှမ်းမျိုးစုံဈေးကွက်လည်း အေးနေပါတယ်။

စက်တင်ဘာလကုန်ပိုင်းရက်တွေမှာ ငွေဈေး၊ ရွှေဈေးတွေက အကျဘက်သွားနေတော့ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးလည်း လိုက်ပါကျဆင်းနေခြင်းဖြစ်ပါတယ်။ ပဲမာလိုင်းတွေကလည်း လက်ကျန်ပစ္စည်းနည်းလာပါပြီ"ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ရွှေဈေး အတက်အကျ မြန်ဆန်နေသည့် စက်တင်ဘာ လကုန်ပိုင်းရက်များတွင် ပို့ကုန်ပဲများ အဝယ်အေးသွားခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် မတ်ပဲတစ်အိတ် ငွေကျပ် ၁၉၂၀၀၀-၁၉၅၀၀၀၊ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၂၀၀၀၀၀ သာ ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်းအညာမှာ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၃၅၀၀၀-၁၅၅၀၀၀ သာ ပေါက်ဈေးရှိ အဝယ်အေးနေသည်။

**မြေပဲ**

အသစ်ဝင် မြေပဲဆန်များ ဈေးကွက်တွင်း လှိုင်လှိုင်ဝင်ရောက် လာတာကြောင့် မြေပဲဆန်ဈေး အနည်းငယ်ကျဆင်းသွားရာ ပို့ကုန်မြေပဲ S1လုံးဆန်များမှာ တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၊ အနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ အထိ တစ်ပိဿာ ငွေကျပ် ၂၀၀ ခန့် ကျဆင်းသွားသည်။ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

၁၂၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ အောက် ကျဆင်းသွားကြောင်း သိရသည်။

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျ၊ အဝယ်အေးနေပြီး ပြည်တွင်းသုံးပဲများမှာ ဈေးကျဆင်းပြီးအရောင်းအဝယ်အေးနေရာ စက်တင်ဘာ ၃၀ ရက်တွင် ကုလားပဲ V2တစ်အိတ် လျှင် ငွေကျပ်၁၈၆၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် ၁၅၃၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

**Source: မကွေးဂျာနယ်**

## ၂၆.၉.၂၀၂၂ မှ ၃၀.၉.၂၀၂၂ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

**မတ်ပဲ**

ငွေကြေးလဲလှယ်နှုန်း ဈေးကျဆင်းတဲ့အတွက် မတ်ပဲကတော့ ဆက်တိုက်ပြန်ကျဆင်းနေခဲ့ပါတယ်။ ပုံမှန်တင်ပို့မှုကတော့ ရှိနေပေမယ့် လှောင်လက်တွေကတော့ ဈေးကွက်ကို စောင့်ကြည့်နေတဲ့အခြေအနေဖြစ်နေပါတယ်။ ယခုဈေးထက် ကျဆင်းမည်ကို စိုးရိမ်သူများကတော့ အနည်းစုထုတ်ရောင်းမှုတွေ ရှိနေပါတယ်။

လက်ရှိပဲပေါက်ဈေးကတော့ ငွေကြေးဈေးပေါ် မူတည်နေတာဖြစ်တဲ့အတွက် ဆက်ပြီးတက်နိုင်ခြေရှိ၊ မရှိက ခန့်မှန်းရခက်နေတဲ့အခြေအနေဖြစ်တယ်လို့ ကုန်သည်အများစုကဆိုပါတယ်။ ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၈ သိန်း ၅ သောင်းကျော်အထိ ဈေးရောက်ရှိခဲ့ပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁ သိန်း ကျော်ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၈၂၀၀၀ ကနေ ၁၈၅၀၀၀ ပေါက်ဈေး ရှိပြီး တစ်အိတ်ကို ၁၄၀၀၀ လောက်ဈေးကျဆင်းပါတယ်။ မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၉၀၀၀ ကနေ ၆၀၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၅၀၀၀ ကျပ်ဈေး ကျဆင်းပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း မတ်ပဲနည်းတူ ဈေးကျဆင်းပါတယ်။ ငွေကြေးကြောင့် ဈေးကျဆင်းနေပေမယ့် ပဲလက်ကျန်မရှိတဲ့အတွက် အရောင်းအဝယ်ကလည်း သိပ်မရှိဘူးလို့သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၂၀၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၁ သိန်းကျော် ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၉၁၀၀၀ မှ ၁၉၂၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၈၀၀၀ ကျပ်ဈေးကျဆင်းပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့် မုံရွာတို့မှာတော့ တစ်တင်းကို ၆၀၀၀၀ ကနေ ၆၂၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၅၀၀၀ လောက် ဈေးကျဆင်းပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ငွေကြေးဈေးနှုန်းကျဆင်းတဲ့အပြင် တရုတ်ဝယ်ယူမှုလျော့နည်းတဲ့အတွက် ဈေးကဆက်တိုက်ကျဆင်းနေပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်း(ဝါးခယ်မ)က ဈေးကျဆင်းနေပြီး အခြားပဲအမျိုးအစားတွေကတော့ အဝင်နည်းဈေးငြိမ်နေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ခရမ်းရွှေဝါ)ကတော့ တစ်ပိဿာကို ၃၁၆၅ ကနေ ၃၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေပြီး၊ ပဲတီစိမ်း(ပဲခူးရွှေဝါ)ကတော့ တစ်ပိဿာကို ၃၀၀၀ ကနေ ၃၀၈၅ ကျပ်ရှိပြီး ၈၅ ကျပ်၊ ပဲတီစိမ်း (ဝါးခယ်မ) ကတော့ တစ်ပိဿာကို ၂၅၈၀ ကနေ ၂၆၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၁၅ ကျပ်ဈေးကျဆင်းပါတယ်။ မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက ၃ တင်းဝင် တစ်အိတ်ကို ၁၃၀၀၀၀ ကနေ ၁၄၅၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၂၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာ၊ ပြည်၊ မော်လမြိုင်တို့မှာတော့ တစ်တင်းကို ၄၈၀၀၀ ကျပ်ရှိပြီး တစ်တင်းကို ၂၀၀၀ ကျပ် ကျဆင်းသွားပါတယ်။

**စားတော်ပဲ**

စားတော်ပဲလည်း သုံးပတ်ဆက်တိုက် စျေးကျဆင်းနေပါတယ်။ ငွေကြေးကြောင့်အပြင် စားတော်ပဲအစားထိုးပဲများ အသုံးပြုလာခြင်း ပြည်ပကနေတင်သွင်းမှုတွေကြောင့် ကျဆင်းနေတာဖြစ်တယ်လို့လည်းသိရပါတယ်။ ရန်ကုန်စျေးကွက်မှာတော့ တစ်ပိဿာကို ၆၆၆၅ ကနေ ၇၁၇၀ ကျပ်ရှိပြီး တစ်ပိဿာကို ၃၃၀ ကျပ်စျေးကျဆင်းပါတယ်။ မန္တလေးစျေးကွက်မှာတော့ တစ်အိတ်ကို ၂၂၅၀၀၀ ကနေ ၃၆၀၀၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၄၀၀၀၀ ကျပ်စျေးကျဆင်းသွားပါတယ်။ ပြည်စျေးကွက်မှာတော့ တစ်တင်းကို ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ပေါက်စျေးရှိပြီး ၁၀၀၀၀ကျပ် စျေးကျဆင်းသွားပြီး မကွေးစျေးကွက်မှာတော့ တစ်တင်းကို ၁၃၅၀၀၀ နဲ့ စျေးငြိမ်နေပါတယ်။

**မြေပဲ**

မြေပဲဆန်စျေးနှုန်းတွေကလည်း စျေးကွက်ထဲ အဝင်များနေတဲ့အပြင် တင်ပို့မှုလည်း နည်းသွားတဲ့အတွက် ဆက်တိုက်ကျဆင်းနေပါတယ်။ မြေပဲဆန်စျေးနှုန်းများ ကျဆင်းသွားတဲ့အတွက် ပဲဆီစျေးတွေကလည်း ကျဆင်းလာပါတယ်။ ဆီစျေးကျဆင်းမှုကြောင့် စားသုံးသူအတွက် အကျိုးရှိပေမယ့် စိုက်ပျိုးထုတ်လုပ်မှုအတွက် အရှုံးပေါ်စေတယ်လို့ တောင်သူကုန်သည်တွေကဆိုပါတယ်။ မြေပဲဆန်နီ၊ မြေပဲဆန်ဖြူတို့က တစ်ပိဿာကို လက်ရှိပေါက်စျေးက ၅၄၀၀ ကနေ ၅၆၀၀ ကြား ပေါက်စျေးရှိနေပြီး တစ်ပိဿာကို ၃၀၀ လောက် စျေးကျဆင်းသွားပါတယ်။ မြေပဲဆီကလည်း တစ်ပိဿာကို ၁၀၀၀၀ ကနေ ၁၁၀၀၀ ကြားပေါက်စျေးရှိနေပြီး တစ်ပိဿာကို ၂၀၀၀ လောက် စျေးကျဆင်းသွားပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ အသစ်တွေ စျေးကွက်ထဲဝင်နေပြီဖြစ်ပြီး စျေးကွက်အတွင်း အဝင်များလာပြီဖြစ်လို့ စျေးကကျဆင်းနေပါတယ်။ လက်ရှိပေါက်စျေး ထပ်ကျဆင်းမှာကိုစိုးရိမ်ပြီး အများအပြားထုတ်ရောင်းနေတာကလည်း ကြက်သွန်နီကိုပိုကျဆင်းစေပြီး တရုတ်ဘက်မှလည်း တင်သွင်းမှုတွေရှိနေတယ်လို့ သိရပါတယ်။ ရန်ကုန်စျေးကွက်မှာ ကြက်သွန်နီက တစ်ပိဿာကို ၂၄၀၀ ကနေ ၂၇၅၀ ကြားအရောင်းအဝယ်ရှိနေပြီး တစ်ပိဿာကို ၄၀၀ လောက် စျေးကျဆင်းသွားပါတယ်။ မော်လမြိုင်စျေးကွက်မှာတော့ အဝင်နည်းတဲ့အတွက် တစ်ပိဿာကို ၂၅၀၀ ကနေ ၃၀၀၀ ပေါက်စျေးရှိပြီး တစ်ပိဿာကို ၄၀၀ ကျပ် စျေးကျဆင်းပါတယ်။

**နှမ်းမျိုးစုံ**

နှမ်းမျိုးစုံစျေးကလည်း ငွေကြေးစျေးကျဆင်းတဲ့အတွက်ကြောင့် စျေးတွေက ဆက်တိုက်ကျဆင်းနေပါတယ်။ အရည်အသွေးကောင်းတဲ့ နှမ်းတွေကတော့ အဝယ်ရှိတယ်လို့သိရပါတယ်။ နှမ်းနက်စမုံကတော့ မန္တလေးစျေးကွက်မှာ တစ်အိတ်ကို ၂၅၅၀၀၀ ကနေ ၃၁၀၀၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၂၅၀၀၀ ကျပ် စျေးကျဆင်းသွားပါတယ်။ အောင်လံစျေးကွက်မှာတော့ တစ်အိတ်ကို ၂၅၅၀၀၀ ကနေ ၂၈၅၀၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ်စျေးကျဆင်းပါတယ်။ နှမ်းဖြူကတော့ မန္တလေးစျေးကွက်မှာ တစ်အိတ်ကို ၂၈၅၀၀၀ ကနေ ၃၀၀၀၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ လောက် စျေးကျဆင်းသွားပါတယ်။ အောင်လံစျေးကွက်မှာတော့ တစ်အိတ်ကို ၂၅၀၀၀၀ ပေါက်စျေးပြီး တစ်အိတ်ကို ၃၀၀၀၀ လောက် စျေးကျဆင်းသွားပါတယ်။

AMIA

Source: htwettoe

## စက်သုံးဆီတင်သွင်းမှုအတွက် တရုတ်ယွမ်ဖြင့်ပါ ငွေပေးချေနိုင်ဟု ဗဟိုဘဏ်ထုတ်ပြန်


Source: Popular News Journal

ပြည်တွင်းရှိ စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် Trade Financing ရယူထားသည့် နိုင်ငံခြားငွေများ ပြန်လည်ပေးချေရာတွင် တရုတ်ယွမ်ငွေဖြင့်ပါ ပြန်လည်ပေးချေနိုင်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။ စက်တင်ဘာလ (၃၀) ရက် ရက်စွဲဖြင့် မြန်မာနိုင်ငံဗဟိုဘဏ်က အဆိုပါညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ၏ အစည်းဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုခြင်းဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါ ညွှန်ကြားချက်အရ ပြည်တွင်းရှိ စက်သုံးဆီတင်သွင်းသည့်ကုမ္ပဏီများသည် ရယူထားပြီးဖြစ်သည့် SWAP Facility ပမာဏအချို့အား ယွမ်ငွေဖြင့် ပေးချေခွင့်ပြုမည်ဖြစ်ပြီး နောင်စက်သုံးဆီဖိုး ငွေပေးချေရာတွင် ယွမ်ငွေဖြင့် ပေးချေခွင့်ပြုကြောင်း ဗဟိုဘဏ်ကဆိုသည်။ ထို့အပြင် USD Trade Financing ဖြင့် SWAP ရယူထားသည့် ကိစ္စရပ်များအတွက် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် AD လိုင်စင်ရ ဘဏ်များအနေဖြင့် ကင်းလွတ်ခွင့်ရသည့် ကုမ္ပဏီအဖွဲ့အစည်း၊ လုပ်ငန်းရှင်များမှ ပြည်ပမှ နိုင်ငံခြားငွေဖြင့်ရရှိငွေ၊ Worker Remittance မှ ဝင်ရောက်ငွေနှင့်ပို့ကုန်ရငွေ၏ ၃၅ ရာခိုင်နှုန်းဖြင့်ဝယ်ယူထားသည့် အမေရိကန်ဒေါ်လာများအား အလီလီရောင်းချခြင်းကိုဆောင်ရွက်ပေးပြီး SWAP ပြန်လည်ပေးဆပ်စေရန်နှင့် ပေးဆပ်မှုပမာဏပေါ်မူတည်၍ Trade Financing ရယူရေး ဆောင်ရွက်ပေးရန်ဟု ညွှန်ကြားထားသည်။

မြန်မာနိုင်ငံဗဟိုဘဏ်အနေဖြင့် ပြည်တွင်းစက်သုံးဆီ တင်သွင်းသည့်ကုမ္ပဏီများအကြား လိုအပ်ချက်မြင့်မားနေသည့် ကန်ဒေါ်လာလိုအပ်ချက်ကို ထိန်းညှိပေးသည့်အနေဖြင့် ကန်ဒေါ်လာ သန်း ၂၀၀ ကျော်ကို ပြီးခဲ့သည့် စက်တင်ဘာ လဆန်းပိုင်းက ထုတ်ချေးပေးခဲ့ပြီး ဒေါ်လာဈေးနှုန်း ထိန်းချုပ်မှုကိုလည်း ဆက်တိုက် လုပ်ဆောင်လာခြင်းကြောင့် လက်ရှိတွင် ပြည်တွင်းငွေလဲဈေးကွက်၌ ဒေါ်လာဈေးအကျဘက်သို့ ဦးတည်လျက်ရှိသည်။ လက်ရှိတွင် တရုတ်ယွမ်ငွေလဲနှုန်းမှာ ၄၅၀ ကျပ် ဝန်းကျင်ပေါက်ဈေးရှိနေပြီး လတ်တလော၌ ကျမည့်အရိပ်အယောင်မတွေ့ရသေးကြောင်း တရုတ်-မြန်မာနယ်စပ် ငွေလဲဈေးကွက်အတွင်းမှသိရသည်။

**Source: Popular News Journal**

## ရွှေ၊ ဒေါ်လာ၊ စက်သုံးဆီနှင့်စားဆီများ အနည်းငယ်ဈေးကျ

ယနေ့ (အောက်တိုဘာ ၁ ရက်) နံနက်မှစတင်၍ ရွှေ၊ ဒေါ်လာ၊ စက်သုံးဆီနှင့်စားအုန်းဆီဈေးနှုန်းများ အနည်းငယ် ပြန်လည်ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ယနေ့(အောက်တိုဘာ ၁ ရက်) နံနက်ပိုင်း စက်သုံးဆီဈေးမှာ ဓာတ်ဆီ ၉၂ တစ်လီတာလျှင် ၂၀၄၅ ကျပ်၊ ၉၅ တစ်လီတာလျှင် ၂၁၁၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၄၆၀ ကျပ်နှင့် ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၂၅၄၅ ကျပ်ဈေးဖြစ်ကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ ထုတ်ပြန်သည်။

စားအုန်းဆီဈေးနှုန်းမှာလည်း ဘုရင့်နောင်စားဆီဈေးကွက်၌ လက်ကားဈေးနှုန်းများမှာ တစ်ပိဿာ ၆၅၀၀ ကျပ် ဝန်းကျင်ဖြစ်နေခဲ့ပြီး လက်လီဈေးနှုန်းများ ၇၀၀၀ ကျပ် ဝန်းကျင်ဖြစ်ကြောင်းသိရသည်။

နိုင်ငံခြားငွေလဲဈေးများမှာလည်း တစ်ဒေါ်လာလျှင် ၂၆၀၀ ကျပ်ဝန်းကျင်သို့ အနည်းငယ်ပြန်လည်ကျဆင်းနေပြီး ယမန်နေ့ညနေ အပိတ်ဈေးထက် ကျပ် ၂၀၀ ခန့် ကျဆင်းခဲ့ကြောင်းသိရသည်။ "တကယ့်ဈေးတွေကတော့ ကျနေပြီ။ အရင်ကတော့ ဒေါ်လာဈေးတက်လို့ ဓာတ်ဆီဈေးတက်လို့နဲ့။ အခုလို ဈေးတွေကျတော့ ကုန်ဈေးနှုန်းပြန်ကျတယ်ဆိုတာ မရှိပြန်ဘူး"လို့ ပြည်သူတစ်ဦးက ပြောသည်။

အကယ်ဒမီ အခေါက်ရွှေဈေးနှုန်းမှာလည်း ဈေးစဖွင့်သည့်အချိန် တစ်ကျပ်သားလျှင် ၂၄၅၀၀၀ ကျပ်ဖြင့် ဈေးစတင်ဖွင့်လှစ်ခဲ့ပြီး အချိန်နှင့်အမျှ ဈေးနှုန်းပြောင်းလဲနေရာမှ မွန်းလွဲပိုင်းတွင် ၂၄၄၅၀၀၀ ကျပ်ဈေးဖြင့် ဈေးငြိမ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**Source:** http://sdtimedaily.com/

## အိန္ဒိယက မြန်မာ့ပဲအဝယ်ကို ရူပီးငွေဖြင့် ပေးချေဖို့တောင်းဆိုလာ

အိန္ဒိယပဲမျိုးစုံကုန်သွယ်မှုအဖွဲ့ (India Pulses and Grains Association – IPGA) က နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးတက်လာရေးကို အကြောင်းပြပြီး မြန်မာနိုင်ငံက ပဲအဝယ်တွေကို ရူပီးငွေနဲ့ပေးချေလိုကြောင်း တောင်းဆိုထားတယ်လို့ ANI India က ဖော်ပြထားပါတယ်။

စက်တင်ဘာ ၂၁ ရက်နေ့က မွန်ဘိုင်းမြို့မှာ စိုက်/မွေး/ဆည်ဝန်ကြီး ဦးတင်ထွဋ်ဦး ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ IPGA ၊ Overseas Agro Traders Association (OATA) တာဝန်ရှိသူတွေရဲ့တွေ့ဆုံမှုအတွင်း

အထက်ပါအတိုင်း IPGA ဘက်က အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ "နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုက အဆမတန် တိုးတက်မယ့်အလားအလာရှိတယ်။ အိန္ဒိယနဲ့မြန်မာမှာရှိတဲ့ စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ကုန်သွယ်မှုကို အိန္ဒိယ ရူပီးနဲ့ သတ်မှတ်နိုင်ပါတယ်"လို့ IPGA ဥက္ကဋ္ဌ Bimal Kothari က ပြောပါတယ်။

အိန္ဒိယလုပ်ငန်းရှင်များအတွက် လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ မြန်မာနိုင်ငံကို အလားအလာရှိတဲ့ နေရာတစ်ခုအဖြစ် IPGA က သတ်မှတ်ထားပြီး အိန္ဒိယဘက်ရဲ့ ရင်းနှီးမြှုပ်နှံသူတွေကို တွန်းအားပေးဖို့ လမ်းကြောင်းတွေကိုပြသရန် မြန်မာအစိုးရကို တိုက်တွန်းထားပါတယ်။ "နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေဖို့ IPGA နဲ့ စိုက်ပျိုးရေးဝန်ကြီးဌာန (မြန်မာ)တို့ ပူးပေါင်းအဖွဲ့တစ်ဖွဲ့ကိုထူထောင်ဖို့ အကြံပြုချင်ပါတယ်"လို့ Kothari က ဆိုခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက စားနပ်ရိက္ခာဖူလုံရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့လိုက်လျောညီထွေဖြစ်ခွင့်ရလို့ ဝမ်းသာကြောင်းပြောကြားခဲ့ပါတယ်။ "အနာဂတ်မှာ အလွန်ကြီးမားတဲ့ အလားအလာရှိတာကြောင့် ကျွန်ုပ်တို့ရဲ့ ပဲမျိုးစုံကဏ္ဍကိုမြှင့်တင်ဖို့ အတူတကွလုပ်ဆောင်သင့်ပါတယ်"လို့ ဆိုခဲ့ပါတယ်။

မြန်မာနိုင်ငံက အိန္ဒိယကို ပဲမျိုးစုံ အထူးသဖြင့် မတ်ပဲနဲ့ပဲစဥ်းငုံစတဲ့ ပဲအမျိုးအစားတွေကို ဆယ်စုနှစ်လေးခုကျော်အကြာ တင်ပို့ရောင်းချနေတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ အိန္ဒိယက ၎င်းရဲ့ပဲမျိုးစုံလိုအပ်ချက်အတွက် ကြီးမားတဲ့အစိတ်အပိုင်းကို သွင်းကုန်ကတစ်ဆင့် ဖြည့်ဆည်းပေးရပြီး ၎င်းရဲ့ နိုင်ငံခြားငွေ အစိတ်အပိုင်းတွေအားလုံးကိုလည်း ၎င်းတို့အတွက် သုံးစွဲနေရတယ်လို့ သိရှိရပါတယ်။

**Source: BETV Business**

## ရွှေရောင်းဝယ်သည့်လုပ်ငန်းများ ငွေပေးချေမှုအဆင်ပြေစေရန် ပုဂ္ဂလိကဘဏ် ၇ ဘဏ်က Special Counter များဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနေ

ဗဟိုဘဏ်၏ထုတ်ပြန်ထားချက်အရ ရွှေအရောင်းအဝယ်ပြုလုပ်သူများ ဘဏ်စနစ်ဖြင့် ငွေပေးချေမှုပြုလုပ်ရာ၌ အဆင်ပြေစေရန် ပုဂ္ဂလိကဘဏ် ၇ ဘဏ်က ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်(မော်လမြိုင်မြို့)တို့ရှိ ဘဏ်ခွဲများတွင် Special Counter များဖွင့်လှစ်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဇဘဏ်၊ CB Bank PCL ၊ ရောဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ UAB Bank ၊ ရိုးမဘဏ်၊ ရောဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်တို့က ဘဏ်ခွဲပေါင်း ၄၈ ခုတွင် ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ကမ္ဘောဇဘဏ်မှ ရန်ကုန်တိုင်းတွင် ဘဏ်ခွဲပေါင်း ၉ ခု၊ မန္တလေးတိုင်းတွင် ၉ ခု၊ မော်လမြိုင်မြို့တွင် ၁ ခု၊ CB Bank PCL မှ ရန်ကုန်တိုင်းတွင် ၃ ခု၊ မန္တလေးတိုင်းတွင် ၂ ခု၊ မော်လမြိုင်မြို့တွင် ၁ ခု တို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။


ရောဝတီဘဏ်မှလည်း ရန်ကုန်တိုင်းတွင် ၂ ခု၊ မန္တလေးတိုင်းတွင် ၁ ခု၊ မော်လမြိုင်မြို့တွင် ၁ ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်မှ ရန်ကုန်တိုင်းတွင် ၂ ခု၊ မန္တလေးတိုင်းတွင် ၄ ခု၊ မော်လမြိုင်မြို့တွင် ၁ ခု၊ UAB Bank မှ ရန်ကုန်တိုင်းတွင် ၃ ခု၊ မန္တလေးတိုင်းတွင် ၁ ခု၊ မော်လမြိုင်မြို့တွင် ၁ ခုတို့ဖြင့် ဘဏ်ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ရိုးမဘဏ်မှ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် မော်လမြိုင်မြို့တို့တွင် ဘဏ်ခွဲ ၁ ခုစီ၊ ရောဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်မှ ရန်ကုန်တိုင်းတွင် ၂ ခု၊ မန္တလေးတိုင်းတွင် ၁ ခု၊ မော်လမြိုင်မြို့တွင် ၁ ခုတို့ဖြင့် အသီးသီး ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဗဟိုဘဏ်က ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်က အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၂၁)အရ ကုန်ပစ္စည်းရောင်းခြင်း၊ ဝယ်ခြင်းများအတွက် ငွေပေးချေမှုပြုလုပ်ရာတွင် တစ်ကြိမ်လျှင် ငွေသားဖြင့်ပေးချေမှုအား ကျပ်သိန်း ၂၀၀ ထက်ပိုသည့် မည်သည့်ပေးချေမှုအတွက်မဆို ဘဏ်စနစ်အသုံးပြုရမည်ဟု အသိပေးထုတ်ပြန်ထားခဲ့သည်။

Source: Popular News Journal

## နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နေပြည်တော်တွင်ပြုလုပ်မည်ဖြစ်ပြီး ကျောက်စိမ်းအတွဲများနှင့် ပုလဲ၊ ကျောက်မျက်များရောင်းချမည်



Source: Popular News Journal

သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ကာ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်တွင် အောက်တိုဘာလ တတိယပတ် အတွင်း ကျင်းပသွားရန်စီစဉ်နေကြောင်း သိရသည်။

အဆိုပါ နှစ်လယ်ကျောက်မျက်ပြပွဲကို အောက်တိုဘာလ ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြပွဲအတွင်း ကျောက်စိမ်းအတွဲများ၊ ပုလဲနှင့်ကျောက်မျက်များ ခင်းကျင်းပြသကာ ရောင်းချသွားမည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျောက်မျက်ရတနာပြပွဲကို တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မြို့ အင်ယားလိတ်ဟိုတယ်၌ စတင်ကျင်းပခဲ့ကြောင်းသိရသည်။ အဆိုပါ ပထမအကြိမ်ပြပွဲမှစ၍ အကြိမ် (၃၀) မြောက်ပြပွဲအထိ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလအထိ ပြပွဲပေါင်း (၃၁) ပွဲကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင် ကျင်းပခဲ့ပြီး ၁၉၉၃ ခုနှစ် နှစ်လယ်ပြပွဲမှ ၂၀၀၆ ခုနှစ် မတ်လ (၄၃) ကြိမ်မြောက်ပြပွဲအထိ ပြပွဲပေါင်း (၃၅) ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း ကျောက်မျက်ပြပွဲသတင်းအချက်အလက်များအရ သိရသည်။

ထို့နောက် ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင် အထူးပြပွဲမှ ၂၀၁၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်အထူးပြပွဲအထိ ပြပွဲပေါင်း (၁၃) ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ နှစ်လယ် ပြပွဲမှ စတင်၍ (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ နေပြည်တော်မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

Source: Popular News Journal

## ထိုင်း ဘတ်ငွေဈေး ရုတ်တရက်ထိုးကျပြီး ဘတ်ငွေလက်ဝယ်ရှိသူများ သိန်းရာချီအရှုံးပေါ်



https://news-eleven.com/article/238209

မြန်မာ ထိုင်းနယ်စပ် မြဝတီမြို့တွင် ထိုင်းဘတ်ငွေနှင့် မြန်မာကျပ်ငွေ နှစ်မျိုးလုံးဖြင့် ရောင်းဝယ်သုံးစွဲမှု ပြုလုပ်လျက်ရှိရာ ယခုနှစ်ရက်အတွင်း ထိုင်းဘတ်ငွေဈေး ဆက်တိုက် ကျဆင်းလျက်ရှိသည်။

စက်တင်ဘာ ၂၉ ရက်နေ့ မြန်မာကျပ်ငွေ တစ်သိန်းလျှင် ဘတ်ငွေ ၁၂၀၀ ဖြစ်ခဲ့ရာမှ စက်တင်ဘာ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ကျပ်တစ်သိန်းကို ၁၃၅၀ ဘတ်၊ ညနေပိုင်းတွင် ကျပ်တစ်သိန်းကို ၁၅၀၀ ဘတ်ဖြစ်ခဲ့ပြီး၊ အောက်တိုဘာ ၁ ရက်နေ့တွင် ကျပ်တစ်သိန်းကို ဘတ်ငွေ ၁၆၀၀ (၁ ဘတ်= ၆၂.၅၀ကျပ်)ထိ ဈေးဖြစ်သွားသည်။ ထိုင်းဘတ်ငွေဈေး ကျပ်တစ်သိန်းလျှင် ဘတ်တစ်ထောင် အောက်ထိ ထိုးတက်စဉ်က မြန်မာကျပ်ငွေ လက်ဝယ်ရှိသူများ သိန်းရာချီအရှုံးပေါ်ခဲ့သလို ယခုတဖန် ဘတ်ငွေဈေးရုတ်တရက်ထိုးကျပြီး မြန်မာကျပ်ငွေဈေးမာလာခြင်းကြောင့် ဘတ်ငွေ လက်ဝယ်ရှိသူများ အရှုံးပိုများသည်ဟုဆိုသည်။

မြဝတီမြို့မှ ငွေလဲလုပ်သူတစ်ဦးက "ဘတ်ဈေးတက်တုန်းကတော့ တရိပ်ရိပ်တက်တာပါ။ အခု ဘတ်ဈေးကျတော့ တစ်နေ့တည်း မနက်နဲ့ညနဲ့မှာ တစ်သိန်းကို ဘတ် ၂၀၀ လောက်ကွာသွားတယ်။ စက်တင်ဘာလ ၂၉၊ ၃၀ နဲ့ အောက်တိုဘာ ၁ ရက်၊ သုံးရက်အတွင်းမှာ ကျပ်တစ်သိန်းကို ဘတ် ၃၀၀ ကွာသွားတယ်။ သိန်းထောင်ချီဖိုး ဘတ်ဝယ်ရောင်းလုပ်သူတွေက သိန်းရာချီအရှုံးပေါ်တာပေါ့"ဟုဆိုသည်။

ထိုင်းနိုင်ငံဘက်မှ တိုက်ရိုက်တင်သွင်းရောင်းချသော စက်သုံးဆီဈေးနှုန်းများမှာလည်း တစ်လီတာ ကျပ် ၃၀၀၀ ကျော်ခဲ့ရာမှ တဖြည်းဖြည်းလျော့ကျလာခဲ့ကာ စက်တင်ဘာ ၃၀ ရက်နေ့က တစ်လီတာ ၂၇၇၅ ကျပ်ဈေးရှိခဲ့သော ဒီဇယ်ဆီမှာ အောက်တိုဘာ ၁ ရက်နေ့တွင် ၂၆၆၅ ကျပ်သို့လည်းကောင်း၊ ၉၅ တစ်လီတာ ၂၄၆၀ ကျပ်မှ ၂၃၆၅ ကျပ်သို့လည်းကောင်း၊ ၉၂ တစ်လီတာ ၂၃၇၀ ကျပ်မှ ၂၂၈၅ ကျပ်သို့လည်းကောင်း အနည်းငယ်ပြန်ကျခဲ့ကြောင်း သိရသည်။

မြဝတီမြို့ ဈေးကွက်ရပ်ဝန်းတွင် ဘတ်ဈေးမြင့်တက်စဉ်က ကုန်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဘတ်ဈေး ပြန်လည်ကျဆင်းလာသောအခါ ယနေ့ချိန်ထိ စားသောက်ကုန်၊ လူသုံးကုန်ဈေးနှုန်းများ ပြန်လည်ကျဆင်းခြင်းမရှိသေးကြောင်း သိရသည်။

**Source:** https://news-eleven.com/article/238209

## ဆီးဆန်ဈေး တရိပ်ရိပ်တက်

မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဒေသဖြစ်တဲ့အတွက် ဆီးပင်များ အများအပြားပေါက်ရောက်ရာ ဒေသလည်းဖြစ်ပါတယ်။ မြေလွတ်မြေရိုင်းများတွင် အလေ့ကျပေါက်ရောက်တတ်ပြီး ဂေနဲ့စိုက်ပျိုးထားခြင်းမရှိဘဲ ပေါက်ရောက်ရာနေရာများရှိ အပင်များကို ဂေစုဖွဲ့စိုက်ပျိုးထားခြင်းလည်းဖြစ်ပါတယ်။ ဆီးသီးပေါ်ထွက်ချိန် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင် ပေါက်ရောက်ရာဒေသများမှ ဆီးသီးအဝယ်ဒိုင်များသို့ လာရောက်ရောင်းချတာကို တွေ့ရပါတယ်။ ဆီးသီးအဝယ်များမှတဆင့် မန္တလေးသို့တင်ပို့ရောင်းချကာ မန္တလေးမှတဆင့် တရုတ်ဝယ်လက်များမှဝယ်ယူနေတာ ဖြစ်တဲ့အတွက် ဆီးဆန်ဈေးကတော့ တရိပ်ရိပ်တက်နေတာဘဲဖြစ်ပါတယ်။

အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းကွဲပြားစွာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ဆီးဆန်ကို တိုင်းရင်းဆေးထုတ်လုပ်ရာမှာ အသုံးပြုတယ်လို့ သိရှိရပါတယ်။ ယခင်နှစ်က ဆီးသီးအစို/အခြောက် (၁)တင်းလျှင် (၁၈၀၀/၂၀၀၀)ကျပ်သာ ရရှိပေမယ့် ယခုနှစ်မှာတော့ (၁)တင်းလျှင်(၄၀၀၀/၅၀၀၀)ကျပ်အထိရရှိနေပြီး ဆီးသီးအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းနေတာကိုတွေ့ရတဲ့အတွက် တောင်သူများဝင်ငွေ ကောင်းတဲ့နှစ်လည်းဖြစ်ပါတယ်။ ဆီးဆန်ဈေးကတော့ ပြည်ပဝယ်လိုအားများသော်လည်း လိုသလောက်မရဘဲ အသစ်ပေါ်ချိန်ကလည်း လိုနေသေးတာကြောင့် ယခင်ပေါ်စတွင် ဆီးဆန်(၁)ပိဿာလျှင် ၉၅၀၀၀ ကျပ်ဈေးသာရှိခဲ့ပေမယ့် ယခုအချိန်တွင် (၁၁၀၀၀၀) ကျပ်မှ (၁၃၀၀၀၀) ကျပ်အထိ ဈေးကောင်းရရှိနေတာပဲဖြစ်ပါတယ်။ အသစ်မပေါ်ခင်အထိ ဆီးဆန်ဈေးဆက်လက် တက်နိုင်ဖွယ်ရှိတယ်လို့ ဆီးခွဲစက်ပိုင်ရှင်များမှ ခန့်မှန်းထားကြပါတယ်။

ယခုလိုဈေးကောင်းရရှိနေတဲ့အတွက် တောင်သူများအနေဖြင့် ဆီးပင်များကို ဂေလိုက်စိုက်ပျိုးနိုင်မည်ဆိုပါက တောင်သူရော၊ ဆီးခွဲစက်လုပ်ငန်းရှင်များပါ ဝင်ငွေကောင်းနိုင်မည်ဟု သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## STOCK EXCHANGE (3.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +0 | +0.00% | 9,400 | 9,600 | 9,400 | 82 | 775,600 | 33,109,694 | 317,853 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,500 | 3,600 | 3,500 | 6,615 | 23,751,500 | 38,929,150 | 140,145 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,700 | 7,800 | 7,700 | 138 | 1,063,300 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 19,500 | 20,000 | 19,500 | 24 | 469,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 78 | 214,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 1,275 | 3,538,750 | 19,977,223 | 55,936 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 30 | 150,000 | 10,497,598 | 52,488 |


## Market summary

As of 3rd Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 420.93 | +1.54 | +0.37% | 413.00 | 420.93 | 413.00 | 8,242 | 29,962,650 | 7 | 732,255 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 3rd Oct. 2022

| MYANPIX | 420.93 ▲ 1.54 |
|---|---|
| Total Volume (shares) | 8,242 |
| Total Value (MMK) | 30 mil |
| Listed Company | 7 |
| Market Cap. (MMK) | 732,255 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 0 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 2,800 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |